# အုပ်ရှစ်ချိုကျေးရွာ
# အုပ်ရှစ်ချိုအုပ်စု
# ကံမမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
## (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုပ်ရှစ်ချိုကျေးရွာ၊ ကံမမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ

| ခေါင်းစဉ် | စာမျက်နှာ |
|---|---|


မာတိကာ

စကားချီး ၁

အုပ်ချုပ်ချိုကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကံမမြို့နယ် ၃

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၄**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၅

(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၆

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်လက်များ ၆

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၇

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၇

(ဃ) ကျန်းမာရေး နှင့် အာဟာရ ၇

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၈

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၈

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၈

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၉

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၉

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၀

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၀

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၀

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၁

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၁၂

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၂

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၂

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၄

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၅

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၅

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၁၆

(ဂ) ဦးစားပေး စီမံချက်များ ၁၇

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၀

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၂

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၂၂

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၃

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၃

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄

(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၅

(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၆

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၂၇

**ကိုးကားစာရင်း** ၄၀

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၄၁

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၄၁

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါ ဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အုပ်ရှစ်ချိုကျေးရွာ၊ကံမမြို့နယ်။

**အုပ်ရှစ်ချိုကျေးရွာအခြေပြမြေပုံ၊ ကံမမြို့နယ်**



**အပိုင်း က**

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

**(၁) နိဒါန်း**

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်း

အနီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင် ပြင်အနေအထား။** ။ အုပ်ရှစ်ချိုကျေးရွာသည် အုပ်ရှစ်ချိုအုပ်စု တွင်တည်ရှိပြီး ကံမမြို့၏ အနောက်မြောက်ဘက်တွင်တည်ရှိပါသည်။ ကံမ-သရက်လမ်းမကြီးမှ မြေနီလမ်းဖြင့် ဆက်သွယ်ထားပါသည်။ကျေးရွာ၏ အနောက်ဘက်နှင့် တောင်ဘက်တွင် လယ်ကွင်းများနှင့် မင်းတုန်းချောင်း၊ အရှေ့ဘက်တွင် အင်ဘက်တောကျေးရွာ၊ မြောက်ဘက်တွင် လယ်ကွင်းများ၊အရှေ့တောင်ဘက်တွင် သရက်တောကျေးရွာ၊ အနောက်မြောက်ဘက်တွင် ခြောက်ထောင့်ကျေးရွာတို့ တည်ရှိပါသည်။ ပူနွေးစိုစွတ် သည့်ရာသီဥတုဖြစ်ပါသည်။
**(ခ) သဘာဝအရင်းအမြစ်များ။** ။ မြေဆီသြဇာ အသင့်အတင့်သာကောင်းမွန်ပါသည်။ စပါး၊မြေပဲနှင့် နှမ်းစသည့် သီးနှံများ စိုက်ပျိုးကြပါသည်။စပါးကို မိုးကောင်းသောက်အဖြစ်စိုက်ပျိုးကြပါသည်။ ကျေးရွာအနီးတွင် သဘာဝပေါက်ပင်များ ပေါက်ရောက်ပြီး သံမနိုင် ကျောက်မနိုင်၊ ဆင်တုံးမနွယ်၊ သက်ရင်းကတိုး၊ဝံအူမြစ်နှင့်သရင်းကြီးစသည့် အမည်မသိသော အခြား ဆေးဖက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။** ။ ကျေးရွာတွင် အိမ်ထောင်စု (၁၃၇)ရှိပါသည်။ အမျိုးသားစုစုပေါင်း (၂၉၄) ဦးနှင့် အမျိုးသမီးစုစုပေါင်း (၃၀၄) ဦးရှိပြီး၊စုစုပေါင်းလူဦးရေ (၅၉၈) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄%) ဦးနှုန်းနေထိုင်ကြ၍ တိုင်းပြည်၏ ပျမ်းမျှတစ်အိမ်ထောင်စု လူဦးရေထက်နည်းပါးသည်ကို တွေ့ရပါသည်။ နို့စို့အရွယ်ကလေးသူငယ် (၄) ဦးရှိပါသည်။ အများစုသောလူဦးရေ (၆၈%) သည် ၁၅နှစ်နှင့် ၆၄ နှစ်အကြား အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်၍ လုပ်သားအင်အားပေါများပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်အိုအရွယ်သည် စုစုပေါင်းလူဦး ရေ၏ (၁၁%) ရှိပါသည်။ ၅နှစ်မှ ၉နှစ်အကြား၊ မူလတန်း ကျောင်းသားအရွယ် (၇.၅%)၊ ၁၀နှစ်မှ ၁၄နှစ်အကြား အလယ်တန်းကျောင်းသားအရွယ် (၆%) ရှိပါသည်။ ၅နှစ်အောက် ကလေးငယ် အရွယ်(၆%)ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။** ။ အုပ်ရှစ်ချိုကျေးရွာသည် စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။ တောင်သူလုပ်ငန်းအပြင် အငှားလုပ်ခြင်း၊ လက်သမား၊ ပန်းရံ၊ ပို့ဆောင်ရေး၊ စက်ချုပ်၊ စက်ပြင်၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကြံရာကျပန်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြ ပါသည်။တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း များကိုလည်း မိသားစု အပိုဝင်ငွေအတွက်မွေးမြူကြပါသည်။ ကျေးရွာတွင်မြေယာမဲ့(၃၇%) အိမ်ထောင်စုနှင့် ၂.၅ဧက အောက်ဆင်းရဲသားတောင်သူ အိမ်ထောင်စု (၂၃%)ရှိပါသည်။၂.၅ဧကထက်ပိုင်ဆိုင်သော တောင်သူငယ် နှင့်တောင်သူလတ်သည် (၃၂%) ရှိပါသည်။ ၁၂.၅ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီး(၈%) ရှိပါသည်။မြေယာမဲ့အိမ်ထောင်စုများသည်ကို တွေ့ရပါသည်။

**(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။** ။ ကျေးရွာသည် မပြေလည်သောအိမ်ထောင်စု (၉၄)စု၊ အလွန်မပြေလည်သောအိမ်ထောင်စ(၇)စုရှိပါ သည်။(၇၃%) သည်အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ

ဖြစ်ကြပါသည်။ ၎င်းအိမ်ထောင်စုများသည် အများအားဖြင့် မြေယာမဲ့အိမ်ထောင်စုများ၊ ၂.၅ဧကအောက် ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူများ ဖြစ်ကြပါသည်။ ကြုံရာကျပန်း အလုပ်များကိုသာ အသက် မွေးဝမ်းကျောင်းပြုကြပါသည်။ ယေဘုယျအားဖြင့် အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ အဆင် ပြေသောအိမ်ထောင်စု (၁၉) အိမ်နှင့် အလယ်အလတ်အိမ်ထောင်စု (၁၇) စုရှိပါသည်။ ကျေးရွာ၏ အဆင့် ၃ နှင့် ၄အိမ်ထောင်စုများ၏ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းကောက်ယူခြင်းအရ အိမ်ထောင်စုတိုင်း ၃လအောက်ဝမ်းစားဖူလုံကြပြီး ၃ လမှ ၆လကြားဝမ်းစာဖူလုံရန် အတွက် ချေးယူ ရသည့်အိမ်ထောင်စု (၃၁)စုနှင့်၆လမှ၁၂လကြား အိမ်ထောင်စုတိုင်းဝမ်းစာဖူလုံကြကြောင်းတွေ့ရှိရပါသည်။

ကျေးရွာသည် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ထူးထူးခြားခြားမရှိပါ။ အချို့သော နှစ်များတွင် မိုးခေါင်ခြင်းနှင့် ပိုးမွှားရောဂါ ကျရောက်ခြင်းစသော အခြေအနေများကို ကြုံတွေ့ရ တတ်ပါသည်။ ထို့သို့သောအခြေအနမျာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ လက်လုပ်လက်စားများအတွက် အလုပ်အကိုင်ရှားပါးခြင်း အခြေအနေများ ကြုံတွေ့ရ ပါသည်။သဘာဝရင်းမြစ်များ ရှားပါးမှု များမှလည်း

**(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။** အခြားကြီးကြီးမားမားရောဂါများ မဖြစ်ပွားသော်လည်း အဖြစ် များသောရောဂါမှာ ဝမ်းပျက်ဝမ်းလျှော၊သွေးလွန်တုပ်ကွေးရောဂါ၊ ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပြီး ကျန်ရောဂါများလည်း အသင့်အတင့်ဖြစ်ပွားပါသည်။ ကျန်းမာရေးဗဟုသုတများ တိုးပွားစေရန် ကျန်းမာရေးပညာပေးဟောပြောပွဲများဆောင်ရွက်ရန် လိုအပ် ကြောင်းတွေ့ရှိရပါသည်။ ကလေးသူငယ် များ အာဟာရ မှတ်တမ်းယူမှုနှင့် စုပေါင်းကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များ လည်းပြုလုပ်ကြပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှု။ ။** ကျေးရွာသည် စာတတ်မြောက်မှု အသင့်အတင့်ရှိသည်ဟု သုံးသပ်နိုင်ပါသည်။ အများစုသည် မူလတန်းအဆင့်ရှိသူ ဖြစ်ကြပါသည်။ အလယ်တန်း ၊အထက်တန်း ရှိသူများလည်းအသင့်အတင့်ရှိပါသည်။ တက္ကသိုလ်ကောလိပ် အဆင့်ရှိသူ နည်းပါးကြောင်းတွေ့ ရှိရပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် အလယ်တန်း၊ အထက်တန်းပညာများကို အက်ဘက်တောကျေးရွာ၊ ကံမမြို့များသို့ သွားရောက်သင်ကြားနေသည်ကို တွေ့ရပါသည်။ ကျောင်းတက်နှုန်း မြင့်မားပါသည်။ မူလတန်းကျောင်းသူ/သား (၄၅) ဦးနှင့် အလယ်တန်း ကျောင်းသူ/သား (၃၀) ဦးရှိပါ သည်။ အထက်တန်းကျောင်းသူ/သား (၁၂) ဦးနှင့် တက္ကသိုလ် ကျောင်းသူ/သား (၁၀) ဦးရှိပါသည်။ ပြည်တက္ကသိုလ်များသို့ တက်ရောက်ကြပါ သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။** ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ လူဦးရေ ဆိုင်ရာအချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးအချိုးသည် အမျိုးသား များထက်များသည်ကို တွေ့ရပါသည်။ပညာရေးဆိုင်ရာကဏ္ဍတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ပညာလေ့လာသင်ယူခွင့်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှု လုံးဝမတွေ့ရပေ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ဦးဆောင်ပါဝင်ခွင့်ရကြပါသည်။

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။** ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့၊ဂေါပကအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ လယ်သမားအဖွဲ့၊ဓမ္မစကူး၊ တဗွန်းဆန်အဖွဲ့စသည့် အဖွဲ့အစည်းများ

ရှိပါသည်။ ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးနှင့် ငွေရေးကြေးရေး ကိစ္စများကို လုပ်ဆောင်ကြပါသည်။ အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြသည်ကို တွေ့ရပါသည်။ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မှာ အဖွဲ့အစည်းများအားလုံး စွမ်းဆောင်ရည် အသင့်အတင့်ရှိသည်ကို တွေ့ရှိရပြီး ပူးပေါင်းလုပ်ဆောင် ကြပါသည်။ ပိုမိုပူးပေါင်းပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ၊ မှတ်တမ်းမှတ်ရာ စနစ်တကျ ထားသိုနိုင်ရန် ပံ့ပိုးပေးရန်လိုအပ်ပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။** ။ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စုစုပေါင်းလယ်မြေ (၂၅၄.၅၄)ဧက၊ ယာမြေ (၁၉) ဧက၊ စားကျက်မြေ(၁၃.၃၅)ဧကနှင့်ဥယျာဉ်ခြံမြေ (၂.၅)ဧက၊ကိုင်း/ကျွန်းမြေ(၁၉၅.၄)ဧကရှိပါသည်။ မြေဆီ သြဇာ အခြေအနေ မှာ ကောင်းမွန်ပါသည်။သီးနှံများကို မိုးကောင်းသောက် တစ်မျိုးတည်းသာ စိုက်ပျိုးကြ ပါသည်။ မင်းတုန်းချောင်းရေကို မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေးအတွက် ရေရရှိအောင် ဆောင်ရွက်မည့် ဆိုပါက စပါးကိုသီးထပ်စိုက်ပျိုးနိုင်မည့်ဖြစ်ပါသည်။ စပါး၊ မြေပဲနှင့် နှမ်း စသည်တို့ကို အဓိကစိုက်ပျိုး ကြပါသည်။ စပါးသည်တစ်ဧကေပျှမ်းမျှ(၆၀)တင်းထွက်ရှိပြီး ဝါဆိုလမှတော်သလင်းအထိ စိုက်ပျိုးပြီး နတ်တော်လတွင်ရိတ်သိမ်းကြပါသည်။ ပိုးစိမ်းကိုက်၊ ပြ၊ ရွက်ဖျားခြောက်စသော ပိုးမွှားရောဂါများ ဖြစ်ကြပါသည်။ အခြားသီးနှံများမှာ အထွက်နှုန်းအသင့်အတင့်ထွက်ရှိပါသည်။

ကျေးရွာတွင် ထွန်စက်(၁)စီး၊လက်တွန်းထွန်စက် (၁၃)စီး၊ခြွေလှေ့စက်(၄)၊ အစေ့ချ ကိရိယာ(၈)စီးသာရှိပါသည်။ အချို့သော အိမ်ထောင်စု များသည် ခိုင်းကျွဲ၊ ခိုင်းနွားကို အသုံးပြုကြပါသည်။ ထွန်စက်နှင့် လက်တွန်းထွန်စက်များကိုလည်း ငှားရမ်းအသုံးပြုကြပါသည်။ လယ်ယာသုံးစက်ကိရိယာ လုံလောက်မှုနည်းပါသည်။ သီးနှံမျိုးစေ့များ၊ မြေသြဇာ၊ ပိုးသတ်ဆေးများကို ပြည်မြို့ ဆိုင်များမှဝယ်ယူ လက်လှမ်းမီပါသည်။ လယ်ယာထုတ်ကုန်များကို ပြည်မြို့နှင့် ကံမဈေးတို့တွင် ရောင်းချနိုင်ပါသည်။ပိုးမွှားရောဂါကာကွယ်ရေးအတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီမှုမရှိပါ။ ပွဲစားများ၏ ဈေးနှုန်းကိုသာ မှီခိုရ၍ မှန်ကန်သော သီးနှံ ဈေးကွက် လိုအပ်ပါသည်။

ကျေးရွာတွင် ကျွဲနှင့်နွားကို စိုက်ပျိုးရေးအတွက်သာ မွေးမြူကြောင်းတွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မှု နည်းပါးကြောင်းတွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်ရန် အခွင့်အလမ်းနည်းပါးပါသည်။ မွေးမြူရေး ချေးငွေသီးသန့်မရှိပါ။ မြို့နယ်တွင် တိရစ္ဆာန်ဆေးကုဦးစီးဌာန ရှိပါသည်။ ရောဂါဖြစ်ပွားမှသာလျှင် လာရောက်ဆေးထိုးကြပါသည်။ သို့သော် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်မှု မလုပ်ဆောင်ဖူးသေးပါ။ မိသားစုအပိုဝင်ငွေရရှိရန် (သို့မဟုတ်) တစ်နိုင်တစ်ပိုင်စီးပွားရေး အဖြစ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့မွေးမြူသင့်ပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး အတွက် အခြေခံမွေးမြူရေးပညာများလိုအပ်ပြီး၊ ကျေးရွာတွင် မွေးမြူရေးလုပ်သားများရှိပါက ကျေးရွာ အတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။** ။ ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများအဖြစ် များများစားစားမတွေ့ရပါ။လယ်ယာလုပ်ငန်းများတွင် အငှားလုပ်ခြင်း၊ အရောင်းအဝယ်၊ အိမ်ဆိုင်လုပ်ငန်းစသော လုပ်ငန်းများသာတွေ့ရပါသည်။ ကျေးရွာအခြေပြု ထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ကျေးရွာတွင် လုပ်သားအင်အား အနည်းငယ် သာရှိသည်ကိုတွေ့ရပါသည်။ အများစုသော ကျေးရွာသူ/သားများသည် ပြည်တွင်း/ပြည်ပသို့ ရွှေ့ပြောင်း

သွားရောက်လုပ်ကိုင်နေကြသော်ကြောင်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာတွင် တပိုင်တနိုင် လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့် ပက်သက်သော နည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာအခြေပြု အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာ စေရန် ချေးငွေအစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာ ချိတ်ဆက်မှုများနှင့် အတူ ၊လျှပ်စစ်မီးရရှိပါက အခြေခံအဆောက်အဦ ကဏ္ဍများပါ ဖွံ့ဖြိုးလာပါမည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။** ကျေးရွာရှိ မြေဆီလွှာအခြေအနေသည် ဓါတုမြေသြဇာပုံမှန်သုံးစွဲရပါသည်။ ဓါတ်မြေသြဇာ မသုံးစွဲပါက အပင်ထွက်နှုန်းကျဆင်းလေ့ရှိပါသည်။ အပင်မျိုးစိတ်များမှာလည်း ယခင်နှစ်များထက်လျော့ပါးလာပါသည်။ စိုက်ပျိုးမြေချဲ့ထွင်မှု၊ သစ်ပင်များ ခုတ်ယူမှု စသည်များကြောင့် အပင်မျိုးစိတ်များနည်းပါးလာကာ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ် ပါသည်။ လယ်ယာမြေများတွင် ပိုးသတ်ဆေးများကိုလည်း အဆက်မပြတ် သုံးစွဲရပါသည်။ ဖျက်ပိုး များနှင့် ရောဂါများကြောင့် ပိုးသတ်ဆေးအတွက်ကုန်ကျစရိတ်များပြားပါသည်။ ထိန်းချုပ်နိုင်မှု အသင့် အတင့်သာ ရှိပါသည်။ မင်းတုန်းချောင်းအတွင်း ငါးမျိုးကွဲများရှိပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မရှိသော ကြောင့် စနစ်တကျထိန်းသိမ်းရန် လိုအပ်ပါသည်။

**(င) ဘဏ်လုပ်ငန်း နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။** စိုက်ပျိုးရေးချေးငွေနှင့်သမဝါ ယမ ချေးငွေရှိပါသည်။ကာလတိုချေးငွေဖြစ်ပြီး၊ ချေးငွေကာလမှာ (၆) လဖြစ်ပါသည်။ ကာလတိုချေးငွေ အတိုးနှုန်းမှာ ၁ မှ ၂% ဖြစ်ပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အတွက် ငွေကြေးအရင်းအနှီးများလိုအပ်နေသည့်အတွက် ကျေးလက်ဦးစီးဌာနမှဆောင်ရွက်သည့် မြစိမ်းရောင် စီမံကိန်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။**ကျေးရွာတွင်အခြေခံပညာမူလ တန်းကျောင်းရှိပါသည်။ ကျောင်းဆရာ (၁) ဦး၊ ကျောင်းဆရာမ (၄)ဦး ရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ကျောင်းဆောင်သည် (၂)ထပ်ကျောင်းဆောင်ဖြစ်၍ ကြမ်းခင်းဧရိယာ (စတုရန်းပေ ၁၄၅၈)ရှိပါသည်။ ကျောင်းသုံးပရိဘောဂ များ မလုံလောက်ပါ။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာ ဖြစ်သောကြောင့် အသင့်အတင့်ကောင်းမွန်ပါသည်။ အာဟာရ တိုက်ကျွေးမှု အစီအစဉ် များ တိုက်ကျွေးမှုရှိသည်ကို တွေ့ရှိရပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ မသန်စွမ်း သူများအတွက် ပညာရေးအထူးအစီအစဉ်များမရှိပါ။ ကျောင်းအား ကစားကွင်း သီးသန့်ရှိပါ။ သို့သော် ကျောင်းဝန်းကျယ်ဝန်း၍ ကလေးသူငယ်များ လွတ်လပ်စွာ ကစားနိုင်ပါသည်။ မိဘဆရာအသင်း က ဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပပေး ပါသည်။

ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ အုပ်စုကျေးရွာဖြစ်သည့်နှင့်အညီ ကျေးလက် ဆေးပေး ခန်းဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ယခုလက်ရှိတွင် ကျန်းမာရေးဆေးပေးခန်း ရှိရာနီးစပ် သော ကျန်းမာရေးဆေးပေးခန်းနှင့် ကံမမြို့သို့သာလာရောက်ရပါသည်။အခန်း/ကုတင် လုံလောက်မ ရှိပါသည်။ အရေးပေါ်လူနာများအတွက် ပြည်မြို့နှင့်ကံမမြို့သို့သွားရောက်ကုသသည့် အတွက် ကျန်းမာ ရေး စောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကို လက်လှမ်း မီပါသည်။

ကျေးရွာတွင် ဝီစီတွင်း(တုံကင်)၊ (စက်တပ်)များဖြင့် သောက်ရေသုံးရေကို အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ အသုံးပြုကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများနည်းကြပါသည်။ ကျန်းမာရေး ဆိုင်ရာအတွက် ဖုံးသွန်လှဲစစ်များကို ပုံမှန်လာရောက် စစ်ဆေးခြင်းမရှိပါ။

**(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။** ကျေးရွာတွင် အပန်းဖြေရန် နေရာသီးသန့်နေရာ မရှိပါ။ ဘောလုံးပွဲများကြည့်ခြင်းဖြင့် အပန်းဖြေကြပါသည်။ လူငယ်များသည် အလှူမင်္ဂလာဆောင် ပွဲများ ကျွေးမွေးဧည့်ခံခြင်းလုပ်ငန်းများ၊ ပဌာန်း၊ ဓမ္မစကြာရွတ်ခြင်းစသောဘာသာရေးလုပ်ငန်းများ၊ လမ်းပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်းသန့်ရှင်းရေးစသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်္ကြန်ပွဲ အခါကြီးရက်များတွင် လူကြီးသူမများကို ခေါင်းလျှော်ပေးခြင်း၊ သီတင်းကျွတ်အခါသမယတွင် လူကြီး သူမများကို ကန်တော့ခြင်း၊ သက်ကြီးပူဇော်ပွဲများပြုလုပ်ရာတွင်ပါဝင်ခြင်း၊ ယဉ်ကျေးလိမ္မာ သင်တန်းများတွင် ပါဝင်ကြပါသည်။ ကျေးရွာတွင် ဘောလုံးကွင်းမရှိပါ။ ထို့ကြောင့် လူငယ်များသည် ၊ ပိုက်ကျော်ခြင်းကစားခြင်း၊ ခြင်းခတ်ခြင်း စသော အားကစားများကို ကစားနိုင်ပါသည်။ လူငယ်များ သည် အားကစားကဏ္ဍတွင် အခွင့်အရေးရရှိမှု အသင့်အတင့်ရှိ ပါ သည်။ ကျေးရွာတွင် ဗဟုသုတ တိုးပွားစေမည် စာကြည့်တိုက်မရှိပါသဖြင့် သက်ဆိုင်ရာဌာနများ အနေဖြင့် စာကြည့်တိုက် တည်ဆောက်ရန် ဆောင်ရွက်ပေးလိုပါသည်။ ကျေးရွာအနေဖြင့် စာကြည့်တိုက် တည်ဆောက်ရန် မြေနေရာရရှိပြီးဖြစ်ပါသည်။

**(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။** ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီးတစ်နှစ်ပတ်လုံးသွားလာနိုင်သည်။ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီမှသာသွားလာနိုင်သည်။ ၎င်းလမ်းများ အား တစ်နှစ်ပတ်လုံးသွားလာနိုင်ရန်အတွက် ကျေးရွာနှင့် သက်ဆိုင်ရာဌာန တို့ပူးပေါင်း ဆောင်ရွက် သင့်ပါသည်။ ဆောင်ရွက်မည့်ဆိုပါက ကျေးရွာအတွက် ကျန်းမာရေး၊ပညာရေး ၊စီးပွားရေး တို့ကို များစွာအထောက်အကူပြုပြီးကုန်စည်စီးဆင်းမှုပိုမိုတွင်ကျယ်လာမည့်ဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်ဓာတ်မရရှိသေးပါ။ ဆိုလာစနစ်ကို အသုံးပြုသော အိမ်ထောင်စုမှာ (၉၃) အိမ်ထောင်စု၊ အခြားနည်းကို အသုံးပြုသော အိမ်ထောင်စု(၄၃)နှင့် ဒီဇင်အင်ဂျင်ဖြင့် မီးလင်းသော အိမ်ထောင်စု(၁)စု ရှိပါသည်။ တယ်လီဖုန်းဆက်သွယ်မှုများလည်း ကောင်းမွန်ပါသည်။ ရုပ်မြင်သံကြား၊ရေဒီယိုလိုင်း၊ အင်တာနက် လိုင်းများ ကောင်းမွန်သည်အတွက် ဗဟုသုတနှင့် အရေးကြီးသတင်းများကိုလည်း အချိန်နှင့် တပြေးညီရရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။** ကျေးရွာသည် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းကြောင့်မှုခင်းဖြစ်ပွားမှုနည်း၍ တည်ငြိမ် အေးချမ်းပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် စည်းလုံးညီညွတ်မှုကောင်းပြီး၊ လူထု

ပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် လယ်မြေများပေါများ၍ မြေဆီဩဇာအသင့် အတင့် ကောင်းမွန်ပါသည်။ မြေပဲ၊ နှမ်းနှင့် စပါးစသည့် သီးနှံများကောင်းစွာ ဖြစ်ထွန်းအောင်မြင်ပါသည်။ စိုက်ပျိုးရေးအတွက် မင်းတုန်းချောင်းရေကို ချောင်းရေတင်စီမံကိန်းဆောင်ရွက်ပေးမည့်ဆိုပါက ပိုမိုအောင်မြင် နိုင်မည့်ဖြစ်ပါသည်။ မွေးမြူရေးတွင်လည်း နွား၊ဝက်၊ကြက်ကိုသာ တပိုင်တနိုင် မွေးမြူနိုင်ပါသည်။ စားကျက်မြေ သီးသန့် ရှိသောကြောင့် လွတ်ကျောင်း နိုင်ကြပါသည်။ အစာ၊ ရေလည်း ပေါများပါသည်။

## (ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ဒေသခံတောင်သူများသည်မိရိုးဖလာဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ကြပြီး၊ ပြောင်းလဲ စိုက်ပျိုးလိုကြသော်လည်း နည်းပညာလက်လှမ်းမှုအားနည်းခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ လုပ်သားအင်အား အသင့်အတင့်သာရှိခြင်း၊ စိုက်ပျိုးစရိတ်အတွက် ချေးငွေများယူရခြင်းစသည့် အကြောင်းများကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခုဖြစ်သည်။ မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံပါ။ မွေးမြူရေး သီးသန့်ချေးငွေ မရှိပါ။ ကျေးရွာအခြေပြု အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။

## ၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

## (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာ ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၅ ချက်ကို ရေးဆွဲထားပါသည်။

(က) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များ တိုးချဲ့ မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်းဖြင့် မိသားစုများ ဝင်ငွေတိုး လာစေရမည်။

(ခ) အခြေခံပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများနှင့် အဆောက်အဦများ ဖွံ့ဖြိုးလာ စေခြင်းဖြင့် ကျေးရွာလူမှုဘဝ တိုးတက်လာရမည်။

(ဂ) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(ဃ) ကျေးရွာ၏ လူငယ်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(င)    ကျေးရွာ၏ အရောင်းအဝယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

**(ခ) ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလား အလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့် မြေသြဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန် ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ် ဆောင်သွားရမည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ အတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ လစဉ်အဟာရ တိုက်ကျွေးခြင်းများ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ ထို့အပြင် လူငယ်များ စာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့် ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများ နှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည် မြင့်တင်ရေးလုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား ကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။

(၃) ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်း၊ လယ်ယာကုန်ထုတ်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများ အတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီး

ပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှား ရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့် စုံခြင်း၊ ကွင်းပုံမှန်မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်း ခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက်လျာထားချက်များထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှု များမရရှိ ကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက် မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုပါ မည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ်လုပ်ဆောင်ရန်လိုပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

**(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။ ။** ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ် သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍

ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။** ။ အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့(Humanitarian Support)

**(ဂ) ဦးစားပေး စီမံချက်များ**

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။စာကြည့်တိုက် | စာကြည့်တိုက်တည်ဆောက်ရေးစီမံချက် | ၁၀၀ | ၁ | | |
| ၂။အခြေခံအဆောက်အဦး | ကျေးရွာချင်းဆက်လမ်း(အုပ်ရုစ်ချို–အင်ဘက်တောလမ်း) | ၈၅ | ၂ | | |
| ၃။ 〃 | ကျေးရွာချင်းဆက်လမ်း(အုပ်ရုစ်ချို–သရက်တောလမ်း) | ၇၂ | ၃ | | |
| ၄။ 〃 | ကျေးရွာချင်းဆက်လမ်း(အုပ်ရုစ်ချို–ခြောက်ထောင့်တောလမ်း) | ၅၈ | ၄ | | |
| | | | | | |
| | | | | | |
| | | | | | |

### (ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**အကောင်အထည်ဖော်မည့်အချိန်ကာလ**

| စဉ် | စီမံချက် | ဦးစီးပေးအဆင့် | ကာလ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | မှတ်ချက် |
| ၁ | စာကြည့်တိုက်တည်ဆောက်ရေးစီမံချက် | ၁ | ✔ | ✔ | | | | |
| ၂ | ကျေးရွာချင်းဆက်လမ်း(အုပ်ရှစ်ချို –အင်ဘက်တောလမ်း) | ၂ | | ✔ | ✔ | | | |
| ၃ | ကျေးရွာချင်းဆက်လမ်း(အုပ်ရှစ်ချို –သရက်တောလမ်း) | ၃ | | ✔ | ✔ | ✔ | | |
| ၄ | ကျေးရွာချင်းဆက်လမ်း(အုပ်ရှစ်ချို –ခြောက်ထောင့်တောလမ်း) | ၄ | | ✔ | ✔ | ✔ | ✔ | |

## ၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကို အခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန်လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| | | | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း ငွေလုံးငွေရင်းအသုံးစရိတ် | | | |
|---|---|---|---|---|---|---|
| စဉ် | စီမံချက် | စုစုပေါင်းခန့်မှန်းဘတ်ဂျက်(ကျပ်) | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | စာကြည့်တိုက်တည်ဆောက်ရေးစီမံချက် | | | ✔ | | |
| ၂ | ကျေးရွာချင်းဆက်လမ်း(အုပ်ရှစ်ချို - အင်ဘက်တောလမ်း) | | | ✔ | | |
| ၃ | ကျေးရွာချင်းဆက်လမ်း(အုပ်ရှစ်ချို -သရက်တောလမ်း) | | | ✔ | | |
| ၄ | ကျေးရွာချင်းဆက်လမ်း(အုပ်ရှစ်ချို -ခြောက်ထောင့်တောလမ်း) | | | ✔ | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလွန်ကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် အလယ်တန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြသော သတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် ရွာတွင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းတွင် ကျေးရွာသူ/သားများထံမှ ထည့်ဝင်ငွေကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင် လမ်းပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်ငန်း များတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physicalprogress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသား နှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

